# ထက်ဖြိုးမင်း

## ချစ်သော Emily+၁၄

ကဗျာနှင့် အက်ဆေး အချို့



# ကိုယ်တိုင်ရေးမှတ်တမ်း

ကဗျာစာအုပ်တော့ လုပ်ထည့် လိုက်ပြီပေါ့ဗျာ။ တကယ်တော့ လုံလောက်အောင် မရင့်ကျက်ပဲ အရူးထလိုက်တာပါပဲ။ ကျနော်မအောင့်နိုင်တော့လို့ ဆိုပါစို့။ ကဗျာနဲ့ ပတ်သက်ပြီး အရောင်အသွေးစုံချင်ပါတယ်။ ဒါပေမဲ့ ဒီစာအုပ်ထဲမှာ တော့ ခရမ်းပြာရောင်သန်းနေတဲ့ နာကျင်ယစ်မူးနေတဲ့ ... အသည်းတွေ ကွဲနေတဲ့ ကျနော့်ရဲ့ အစိတ်အပိုင်းအချို့ကိုပဲ ချပြလိုက်ပါတယ်။ ကယ်ပါယူပါ ကိုယ့်နာကျင်ကဗျာတွေဟာ လူတွေစိတ်ထဲခံစားဖို့ ပါပျော်ပါ ရွှင်ပါ ငိုပါ လွမ်းပါပေါ့လေ။ ငိုစရာလွမ်းစရာတွေချည်းပဲ ထည့်ပေးလိုက်မိတယ်။ ဒီစာအုပ်ထဲမှာ ကျနော့်ငိုစရာတွေလည်း အကုန်ပါပဲ။ ကျနော့် လွမ်းစရာတွေလည်း အကုန်ပါပဲ။

စာအုပ်ထုတ်လုပ်ရေးနဲ့ ပတ်သက်လို့ ကတော့ ငွေရေးကြေးရေးမှာ အတော်လေး ချို့တဲ့ ခဲ့ပါတယ်။ မန္တလေးကို သွားပြီး ချစ်ခင်လေးစားရတဲ့ ဆရာနေမျိုးဆီမှာ စာအုပ်အဖုံးဒီဇိုင်း အပ်ခဲ့ပါတယ်။ ဆရာက ကျနော့်ရဲ့ မသိနားမလည်မှု အတွေ့အကြုံ နုနယ်မှုတွေအပေါ်မှာ နတ်မျက်စိရနေတဲ့ အတိုင်းပါပဲ။ အစစအရာရာ ပြည့်စုံတာထက်ကိုကျော်အောင် ကူညီခဲ့ပါတယ်။ ပုံနှိပ်ဖို့ အတွက် ကျနော်က အရမ်းကို စိတ်တွေလှုပ်ရှားနေပြီး ဆရာစိုင်းဝင်းမြင့်က ညီ အုပ်ရေ ၅၀၀ ဆို တော်ပြီလေ ပြောမှ ကျနော်လည်း သတိပြန်လည်။ ဆရာစိုင်းရယ်နေတာကို ရှက်မိသလိုပါ

ပဲ။

မန္တလေးမှာ အစစကူညီဆွေးနွေးပေးသော ညီမတွေ့ဖြစ်တဲ့ မိကုမ္မေ နဲ့ နွေဦးငယ်တို့ ကို ကျေးဇူးပါပဲ။ စာအုပ်အတွက် ရှုံးမလား မြတ်မလား တစ်ခါမှ မမေးဖူးတဲ့ ထုတ်ဝေသူကိုလည်း ကျေးဇူးပါပဲဗျာ။

**စစ်ငြိမ်း**

***

အမှာ စာ

ချစ်မေတ္တာပါပဲ ကျွန်တော့်ကို ဟိုး ဆယ်စုနှစ်များ ဆီ အလည်တစ်ခေါက်ရောက်ရှိစေတဲ့ ချစ်မေတ္တာပါပဲ

**နေမျိုး**
**၁၀၊၁၂၊၂၀၁၆**

***

ချစ်သော ... Emily

မင်းကိုငါ လွှတ်လိုက်တယ်
ငါ... လွတ်မြောက်ပါစေကွယ်။

**ချစ်သော ... Emily**

ခံနိုင်ရည် မရှိတော့တဲ့ တစ်နေ့

ပြိုကွဲရတာပါပဲ

တိမ်တွေ ...။

ချစ်သော ... Emily

အထိတ်တလန့်နဲ့ တစ်ရေးနိုးတဲ့ ညတွေတိုင်းမှာ

ငါဟာ နံပါတ်တစ်ခုဆီသို့

ဖုန်းမှားပြီး ဆက်လေ့ရှိတယ်

"ဖုန်းမှားသွားလို့ ပါ....."

ကောင်းသော ညပါကွယ်။